An Advanced Equipping training, Sharing at the Closing ceremony.

By David Sangdong

Trauma Healing သာသနာအားဖြင့် စိတ်ဒဏ်ရာရနေသူများကို ပေးလိုတဲ့ သတင်းစကားများ-

1. သင်တို့သည် ပြုပြင်လို့မရတော့တဲ့အထိ ကျိုးပဲ့နေတာ မဟုတ်ဘူး။ (not beyond repaired)

   သေခြင်းမှ ထမြောက်စေခဲ့တဲ့ ခရစ်တော်၏ ဝိညာဉ်တော်က သင့်ကို လွတ်မြောက်စေနိုင်ပါသည်။

ဟေရှာယ ၆၁း၁ — ဘုရားရှင်ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ကောင်းမြတ်သောသတင်းကိုဟောပြောရန် ထာဝရဘုရားသည် ငါ့ကိုဘိသိက်ပေးတော်မူပြီ။ စိတ်နှလုံးကြေကွဲသောသူတို့ကို ဖြေသိမ့်ပေးရန်၊ ဖမ်းဆီးချုပ်နှောင်ခံရသူတို့အား လွတ်မြောက်ခြင်းတရားကိုဟောပြောရန်၊ အကျဉ်းချခံရသောသူတို့အား လွတ်ငြိမ်းခြင်းတရားဟောပြောရန် ငါ့ကိုစေလွှတ်တော်မူပြီ။

2. အကူအညီကင်းမဲ့နေသလို သင်ခံစားနေရသော်လည်း ဘုရားသခင်အထဲမှာ သင်လုံခြုံမှု ရှိပါသည်။ (security)

   ဘုရားသခင်က သင့်ကို အလျှင်စလို မလုပ်ဘူး၊ အရှက်မကွဲစေဘူး၊ စွန့်ပစ်မှာ မဟုတ်ဘူး။

ဆာလံ ၄၆း၁ — ဘုရားသခင်သည် ငါတို့၏ခိုလှုံရာနှင့် အစွမ်းသတ္တိဖြစ်တော်မူ၏။ / ဆင်းရဲဒုက္ခရောက်သောအခါ အမှန်တကယ်တွေ့ရသည့် ကူညီမစသောအရှင်ဖြစ်တော်မူ၏။

3. သင်နာကျင်နေရတာက ယုံကြည်ခြင်းအားနည်းတာ မဟုတ်ဘူး။

   ဘုရားသခင်ထံသို့ အနီးကပ်လာဖို့ ဖိတ်ခေါ်ခြင်းပါ။

ဆာလံ ၁၄၇း၃ — ကိုယ်တော်သည် စိတ်နှလုံးကျိုးပဲ့သောသူတို့ကို ကျန်းမာစေ၍ / သူတို့၏ဒဏ်ရာများကို ပတ်စည်းပေးတော်မူ၏။

4. စိတ်ဒဏ်ရာတွေကို မမှတ်မိတော့အောင် ကျွန်တော်တို့ မလုပ်ဆောင်နိုင်ပါဘူး။

   သမ္မာတရားထဲကိုတော့ လမ်းပြပေးနိုင်ပါတယ်။

ယောဟန် ၁၆း၁၃ — သို့ရာတွင် သမ္မာတရား၏ဝိညာဉ်တော်ရောက်လာသောအခါ **သမ္မာတရားအလုံးစုံ**ထဲသို့ သင်တို့ကို လမ်းပြပို့ဆောင်တော်မူလိမ့်မည်။

ရောမ ၈း၂၈ —ဘုရားသခင်ကိုချစ်သောသူများတည်းဟူသော အကြံအစည်တော်အတိုင်း ခေါ်ယူတော်မူခြင်းခံရသောသူများအတွက် ဘုရားသခင်သည် ခပ်သိမ်းသောအမှုအရာတို့ကို ပူးပေါင်းလုပ်ဆောင်စေ၍ ကောင်းကျိုးဖြစ်စေတော်မူကြောင်းကို ငါတို့သိကြ၏။

5. စိတ်ဒဏ်ရာ ကုသခြင်းဟာ မီတာ (၁၀၀) အပြေးပြိုင်ပွဲလို မဟုတ်ပါ။

   ဘုရားသခင်၏ဝိညာဉ်တော်ဟာ စိတ်ရှည်တယ်။ အမာရွတ်ဆိုတာကျရှုံးခြင်း လက္ခဏာမဟုတ်၊ ပျောက်ကင်းသက်သာနိုင်ခြင်း၏ သက်သေသာ ဖြစ်သည်။

ဟေရှာယ ၄၀း၃၁ — "ထာဝရဘုရားကို စောင့်မျှော်သောသူတို့မူကား ခွန်အားသစ်နှင့်ပြည့်လိမ့်မည်။ သူတို့သည် လင်းယုန်ကဲ့သို့ အတောင်ပံဖြင့် အထက်သို့ပျံတက်ကြလိမ့်မည်။ ပြေးသောအခါ မောပန်းကြမည်မဟုတ်။ သွားလာသောအခါလည်း အားအင်ကုန်ခန်းကြမည်မဟုတ်။

6. သင်သည် တစ်တည်းအထီးကျန်နေတာ မဟုတ်ပါ။

   သင့်နှင့်အတူ နာကျင်မှုတွေကို မျှဝေခံစားကြမဲ့ ကျွန်တော်တို့ အသင်းတော်တွေ ရှိနေပါတယ်။

၁ ကောရိန္သု ၁၂း၂၆ — သို့ဖြစ်၍ အင်္ဂါအစိတ်အပိုင်းတစ်ခုသည် ဝေဒနာခံစားရလျှင် အင်္ဂါအစိတ်အပိုင်းရှိသမျှသည် အတူတကွခံစားရကြ၏။ အင်္ဂါအစိတ်အပိုင်းတစ်ခုသည် ချီးမြှောက်ခြင်းခံရလျှင် အင်္ဂါအစိတ်အပိုင်းရှိသမျှသည် အတူတကွဝမ်းမြောက်ကြ၏။

7. ပျက်စီးသွားပြီလို့ ယူဆရသော်လည်း

   သင့်အားဖြင့် အခြားသူများ မျှော်လင့်ခြင်း ရှိလာစေရန် ဘုရားသခင် အသုံးပြုပါသည်

ကမ္ဘာဦး ၅၀း၂၀ — သင်တို့သည် အကျွန်ုပ်ကို မကောင်းကြံစည်ခဲ့သော်လည်း ယနေ့မြင်ရသည့်အတိုင်း များစွာသောလူတို့အသက်ချမ်းသာရာရစေရန် ဘုရားသခင်သည် ကောင်းကျိုးချမ်းသာအတွက် ကြံစည်တော်မူ၏။

Closing

ယောဟန် ၁၄း၂၆ — သို့သော် ငါ့နာမ၌ ခမည်းတော်စေလွှတ်တော်မူမည့် ကူညီမစသူတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် အရာခပ်သိမ်းတို့ကို သင်တို့အား သွန်သင်တော်မူ၍ ငါပြောဆိုခဲ့သမျှသောအရာတို့ကို သင်တို့အား ပြန်လည်သတိရစေတော်မူလိမ့်မည်။